# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

EMReF
Enlightened Myanmar Research Foundation

အမှတ် (၃၈)၊ စက်တင်ဘာ ၅ ရက်၊ ၂၀၁၇


## ရှမ်းပြည်နယ်အစိုးရလုပ်ပိုင်ခွင့်ပိုမိုရရှိရေးအဆို လွှတ်တော်အတည်ပြု

**စက်တင်ဘာ ၁၊ ၂၀၁၇**

ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး၌ တင်သွင်းသည့် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသော မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာဆောင်ရွက်ပေးရန်အဆိုကို လွှတ်တော်၌ အတည်ပြုခဲ့သည်။

ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စိုင်းထွန်းညဏ်(ကျောက်မဲ-၂)မှ ၎င်းအဆိုကို လွှတ်တော် တတိယနေ့ ဩဂုတ် ၃၀ ရက်နေ့က တင်သွင်းခဲ့ခြင်းဖြစ်သည်။ ပြည်နယ်အစိုးရသည် အခြေခံဥပဒေဇယား(၂) အတိုင်း လုပ်ပိုင်ခွင့်ရှိပြီး ၂၀၁၄ က ပြဋ္ဌာန်းလိုက်သည့် လျှပ်စစ်ဥပဒေအရ မဂ္ဂါဝပ် ၃၀ ကို ပြည်နယ်အတွင်း လွတ်လပ်စွာသုံးစွဲပိုင်ခွင့်၊ အမေရိကန်ဒေါ်လာ ၅ သန်းထက်မကျော်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ပိုင်ခွင့်များ ပြည်နယ်အစိုးရတွင်လွတ်လပ်စွာရှိကြောင်း အဆိုတင်သွင်းသူ ဦးစိုင်းထွန်းညဏ်က ပြောသည်။

"ကွာဟချက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရက ကားအစီးထောင်နဲ့ချီပြီးတော့ ရန်ကုန်ပြည်သူလူထုအတွက် တင်သွင်းဖို့လုပ်တဲ့ချိန်မှာ ကျွန်တော်တို့ ဒီမှာလျှပ်စစ်မီးတာကဏ္ဍကို ပြည့်စုံအောင်ဆောင်ရွက်ပေးပါ အဆိုတင်တာတောင်မှ ဒါပြည်ထောင်စုနဲ့ဆိုင်တယ်ဆိုတဲ့ဟာမျိုးနဲ့ သူကလုံးဝကိုရုန်းမထွက်ဘူး၊ အားမရတဲ့ အနေအထားဖြစ်နေလို့ပါ" ဟု ၎င်းကပြောသည်။ **(ကိုးကား-သျှမ်းသံတော်ဆင့်)**

## သတင်းတို

- ဩဂုတ် ၂၉ ရက်က ပြုလုပ်သော ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး၌ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် ဩဂုတ် ၂၅ ရက် နေ့မှစတင်၍ ဘင်္ဂါလီအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာသူများအား အချိန်မီကူညီပေးရေး ပြည်နယ်လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်ကတင်သွင်းခဲ့ရာ ဦးအောင်ဝင်း(မြေပုံ-၁)က ထောက်ခံဆွေးနွေးခဲ့ပြီး ကန့်ကွက်သူမရှိအဆိုကို လက်ခံအတည်ပြုခဲ့သည်။ **(ကိုးကား- Eleven Broadcasting)**

## ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ကတိကဝတ်များအကောင်အထည်ဖော်မှုကြားနာပွဲ လွှတ်တော်၌ကျင်းပ

**ဩဂုတ် ၃၀၊ ၂၀၁၇**

ဩဂုတ်လ (၂၈၊ ၂၉၊ ၃၀) ရက်နေ့တို့တွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီအစည်းအဝေးခန်းမ၌ အစိုးရ၏ ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီမှ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားခဲ့သောအဆို၊ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများအား ဖိတ်ကြား၍ ကြားနာခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှုအခြေအနေကို အောက်ပါဇယားတွင် လေ့လာတွေ့ရှိနိုင်သည်။

**(ကိုးကား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် facebook ၊ ဇင်မိုးထိုက် facebook)**

### ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့်ကြယ်ပွင့်ပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှုအခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်/မွေး/ဆည်မြောင်း | သယံဇာတ/သစ်တော | စက်မှု/လျှပ်စစ်/လမ်းပန်း | စည်ပင်/လူမှု | စီမံ/ဘဏ္ဍာ | အစိုးရ | ထွေ/အုပ် | တိုင်းရင်းသား | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | |
| ၁ | သတ္တမ အကြိမ် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | ၉ | ၁၃ | ၁ | ၆ | ၃၁ | ၁ | - | - | - | ၆၁ |

# မွန်ပြည်နယ်တွင် မဏ္ဍိုင်လေးရပ် တွေ့ဆုံ

**စက်တင်ဘာ ၁၊ ၂၀၁၇**

မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီက ဦးဆောင်ကျင်းပသော မဏ္ဍိုင် ၄ ရပ်တွေ့ဆုံ ဆွေးနွေးပွဲကို စက်တင်ဘာလ ၁ ရက်နေ့က မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ပြုလုပ်ခဲ့သည်။

မွန်ပြည်နယ်တွင်ကျင်းပသည့် မဏ္ဍိုင်လေးရပ်ဆွေးနွေးပွဲမှာ ပြည်နယ်နှင့်တိုင်းအဆင့်တွင် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ဆွေးနွေးပွဲကို ယခုနှစ်၊ ဇွန်လက ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ပြုလုပ်ကျင်းပခဲ့သည်။ သတင်းရယူခွင့်နှင့် ပတ်သက်သည့် မဏ္ဍိုင်လေးရပ်ကြားမှ အခက်အခဲများအား ဆွေးနွေးအဖြေရှာရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီဝင်များ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်အပါအဝင် တင်ပြရန်ရွေးချယ်ထားသော သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြသည်။ **(ကိုးကား-www.burmese.bnionline.net)**



# အသိမ်းခံလယ်ယာမြေများပြန်လည်ရရှိရေး ရှမ်းလွှတ်တော်တိုင်ကြားစာစိစစ်ရေးကော်မတီနှင့် တောင်သူ လယ်သမားများ တွေ့ဆုံ

**ဩဂုတ် ၃၀၊ ၂၀၁၇**

ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာစိစစ်ရေးကော်မတီနှင့် တောင်သူလယ်သမားများတွေ့ဆုံကာ အသိမ်းခံလယ်ယာမြေများ စုပေါင်းတောင်းဆိုသွားရေး ဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်က တောင်ကြီးမြို့ အောင်မြေဘုံစံကျောင်းတိုက်တွင် ကျင်းပခဲ့ပြီး (၇)မြို့နယ်မှ မြေယာသိမ်းဆည်းခံ တောင်သူပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

ထိုတွေ့ဆုံပွဲကို ရှမ်းပြည်နိုင်ငံရေးအဖွဲ့မှ စီစဉ်ခြင်းဖြစ်ပြီး ၎င်းအဖွဲ့မှ ဦးတင်မောင်တိုးက "အဓိကက ပြည်နယ်အစိုးရအနေနဲ့ အချိန်မပေးဘူး ကွင်းမဆင်းဘူး ဖြစ်နေတယ်။ အစိုးရကို လယ်ယာမြေကိစ္စ ဦးစားပေး ဖြေရှင်းစေချင်တယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ လွှတ်တော်ကို အကူအညီတောင်းတယ်။ လွှတ်တော်ကရေးရာကော်မတီနှစ်ခုကလည်း သူတို့ကူညီမယ်။ တောင်သူတွေနဲ့ တွေ့ပေးပါမယ်ဆိုတော့ ဒီပွဲလေးကို စီစဉ်ပေးဖြစ်တာပါ"ဟု ပြောသည်။

တောင်ကြီး၊ ညောင်ရွှေ၊ ဟိုပုံး၊ ပင်းတယ ၊ ရွာငံ ၊ ကလော ၊ ဆီဆိုင်စသည့် (၇) မြို့နယ်မှ တင်ပြလာသော မြေယာအမှုပေါင်း (၄၀)ကျော်ခန့်ရှိပြီး အများဆုံးသိမ်းဆည်းထားသည်မှာ တပ်မတော်၊ ဒုတိယအများဆုံးမှာ ကုမ္ပဏီ၊ တတိယအဆင့် ဌာနဆိုင်ရာနှင့် ဌာနေပြည်သူ့စစ်အဖွဲ့အစည်းများဖြစ်သည်ဟု ဦးတင်မောင်တိုးက ပြောသည် ။

ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီမှ ကိုယ်စားလှယ် ဦးစိုင်းလုံ(နမ့်စန်)နှင့် ဦးစိုင်းမျိုးမြင့်(မိုးနဲ)တို့လည်း တက်ရောက်၍ တောင်သူများ တင်ပြလာသော အချက်အလက်များအား မှတ်တမ်းတင်ခဲ့သည်။ **(ကိုးကား-သျှမ်းသံတော်ဆင့်)**

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ

သတင်းစာစဉ်

စုစည်းတင်ပြသူ

ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း

ဆက်သွယ်ရန်

၀၉-၂၆၁၆၅၄၀၄၅

www.emref.org

www.mypilar.org

www.facebook.com/emrefmyanmar



**သတင်းဓာတ်ပုံ**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဌာန ၃ ခု၏ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုအပေါ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီက စိစစ်နေစဉ်။

**(ကိုးကား-ဇင်မိုးထိုက် facebook)**

# ရှမ်းပြည်မြောက်ပိုင်းဖြတ်သည့် ဂက်စ်ပိုက်လိုင်းဆိုင်ရာ မေးခွန်း ရှမ်းပြည်နယ်အစိုးရ ဖြေဆိုခွင့်မရှိဟုဆို

**ဩဂုတ် ၂၈၊ ၂၀၁၇**

ရှမ်းပြည်နယ်လွှတ်တော်တွင် ရှမ်းပြည်မြောက်ပိုင်းအတွင်းဖြတ်သန်းသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်းမေးရာ ယင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)အရ ပြည်ထောင်စုအစိုးရနှင့် တိုက်ရိုက်ပတ်သက်သောကြောင့် နေပြည်တော်သို့သာ မေးမြန်းသင့်ကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ဖြေဆိုခွင့်မရှိဟု သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က ဖြေကြားခဲ့ကြောင်း သိရသည်။

ဩဂုတ်လ ၂၈ ရက်ကကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ဦးအောင်ထွဏ်း(နမ့်ဆန်-၂)က မြန်မာနှင့်တရုတ်သဘာဝဓာတ်ငွေ့ရောင်းရငွေ၏ အမြတ် ၅% အား ရှမ်းပြည်နယ်ဘဏ္ဍာငွေအဖြစ် ခွဲဝေပေးရန်ရှိမရှိနှင့် ပိုက်လိုင်းမှဖြစ်ပေါ်လာမည့် ဆိုးကျိုးအတွက် နိုင်ငံတော်မှ မည်သို့ကြိုတင်ဆောင်ရွက်ပေးမည်နည်းဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။

"တာဝန်ယူမှု၊ တာဝန်ရှိမှုမရှိဘူးလို့ ယူဆတယ်။ ကျွန်တော်တို့က ပြည်နယ်အစိုးရကိုကျော်ပြီး မေးပိုင်ခွင့်မရှိဘူးလေ။ ဒါတစ်မြို့နယ်တည်းအတွက်တင်တာ မဟုတ်ဘူး။ ရှမ်းပြည်နယ်တစ်ခုလုံးကိစ္စဖြစ်တယ်"ဟု ဦးအောင်ထွဏ်းက ပြောသည်။

မြန်မာနှင့် တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းရောင်းရငွေ၏ အမြတ် ၅% အား ရှမ်းပြည်နယ်ဘဏ္ဍာငွေအဖြစ် ခွဲပေးရန်ရှိမရှိနှင့်ပတ်သက်ပြီး နမ္မတူမြို့နယ်မဲဆန္ဒနယ်မှကိုယ်စားလှယ်နန်းခမ်းအေးက လွှတ်တော်ပထမသက်တမ်းက တင်ပြမေးမြန်းပြောဆိုခဲ့ဖူးသည်။

**(ကိုးကား- သျှမ်းသံတော်ဆင့်)**

## သတင်းတို

● ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် တည်ဆောက်မည့် ချင်းပြည်နယ်လွှတ်တော် အဆောက်အအုံကို ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်၌ စတင်ဆောက်လုပ်နေပြီ ဖြစ်သည်။ ချင်းပြည်နယ်လွှတ်တော်ကို Aroma Rose Co.Ltd ကုမ္ပဏီက ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် (၅၅၀၈ ဒသမ ၇၂၀)သန်းဖြင့် ကြမ်းခင်း ဧရိယာ(၇၅,၀၀၀) စတုရန်းပေပေါ်တွင် သံကူကွန်ကရစ်(၃)ထပ် အဆောက်အအုံ ဆောက်လုပ်သွားမည်ဖြစ်သည်။

**(ကိုးကား- ပြည်နယ် ပြန်/ဆက်၊ The Voice)**

# ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး ကန်ဒေါ်လာ ၁၂၅ သန်း သုံးမည်ဟု လွှတ်တော်တွင် ဖြေကြား

**ဩဂုတ် ၃၁၊ ၂၀၁၇**

ရန်ကုန်မြို့တွင်း ရေကြီးရေလျှံမှုကာကွယ်ရေးအပါအဝင် မြို့ပြဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်းကို အပိုင်းသုံးပိုင်းဖြင့် ခွဲဝေသုံးစွဲရန် စီစဉ်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာမောင်မောင်စိုးက ဩဂုတ်လ ၃၀ ရက်က ပြုလုပ်သည့် ရန်ကုန်တိုင်းလွှတ်တော်တွင် ပြောကြားသည်။

ရန်ကုန်ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်ချေးငွေကို မည်သို့ခွဲဝေသုံးစွဲမည်ဆိုသော တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း(ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်)၏ မေးမြန်းချက်အပေါ် ယင်းသို့ဖြေကြားခြင်းဖြစ်သည်။

၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွက် မြို့နယ် ၃၁ မြို့နယ်၌ ရေကြီးရေလျှံမှုကာကွယ်ရန် ဒေါ်လာ ၇၇ သန်း၊ အဆောက်အအုံ ဘေးကင်း လုံခြုံရန် ဒေါ်လာ ၂၂ သန်းနှင့် အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံရန်ပုံငွေထူထောင်ရန် ဒေါ်လာသန်း ၂၀ နှင့် အသိပညာပေးခြင်းနှင့် စီမံကိန်းစီမံခန့်ခွဲရန် ထောက်ပံ့ငွေ ဒေါ်လာ တစ်သန်းတို့ကို ခွဲဝေသုံးစွဲရန် စီစဉ်ထားသည်ဟု ဒေါက်တာမောင်မောင်စိုးက ဖြေကြားခဲ့သည်။

ရေကြီးရေလျှံမှုတွင် ရေစုကန်နှင့် ရေနုတ်မြောင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစီမံချက်အရ မြို့တွင်းခြောက်မြို့နယ်သည် တိုက်ရိုက်အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပြီး ဆက်စပ်မြို့နယ်များတွင်လည်း ရေကြီးရေလျှံမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ အခြားမြို့နယ်များတွင် ရေကြီးရေလျှံမှုအတွက် ခြောက်နှစ်စီမံချက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်ဟု ဆိုသည်။

"ကမ္ဘာ့ဘဏ်ချေးငွေတွေကို ဝန်ကြီးကိုယ်တိုင် ဘယ်လိုသုံးစွဲသွားမယ်ဆိုတာ တိတိကျကျ ရှင်းပြခဲ့တာမရှိပါဘူး။ ကဏ္ဍအလိုက်ပဲ အကြမ်းဖျင်း ပြောဆိုသွားတယ်။ ချေးငွေဒေါ်လာ ၁၂၅ သန်း ကုန်သွားမယ်ဆိုပြည်သူလူထုအတွက် ဘယ်လောက်အကျိုးကျေးဇူးရရှိမယ်ဆိုတာ အရေးကြီးပါတယ်" ဟု လွှတ်တော်အစည်းအဝေးအပြီး သတင်းထောက်များ၏မေးမြန်းမှုကို ဒေါ်စန္ဒာမင်းက ဖြေကြားသည်။ **(ကိုးကား-The Voice)**